# မယ်တော်သခင်မ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခံရသောပွဲ

ရှင်လုကာ ၁း၃၉ - ၅၆

ယနေ့ အသင်းတော်က မယ်တော်သခင်မ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခံရတဲ့ပွဲကို ကျင်းပစေပါတယ်။ မယ်တော်ပွဲတို့ ရဟန္တာတွေရဲ့ပွဲတို့ကို ကျင်းပစေတာက ကျနော်တို့အတွက် ဖြစ်ပါတယ်။ ကျနော်တို့ ဘဝတွေမှာ စိတ်ပျက်နေတာတွေ စိတ်ရှုပ်နေရတာတွေ ပြဿနာတွေ ကြုံနေရတာကို ဘယ်လိုဖြေရှင်းရမလဲဆိုတာ မယ်တော်ကို အတုယူပြီး/ ရဟန္တာတွေကို အတုယူပြီး အဖြေရှာကြဖို့ ခွန်အားယူကြဖို့ ကျင်းပစေတာ ဖြစ်ပါတယ်။

ယနေ့ကျင်းပကြတဲ့ မယ်တော်သခင်မ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခံရတဲ့ပွဲကလည်း ကျနော်တို့ကို ဒီဘဝမှာ ရှင်ချင်စရာမျှော်လင့်ချက်တွေရှိကြောင်း၊ ဒီဘဝသက်တမ်း ကုန်ဆုံးတဲ့အခါမှာလည်း ကိုယ်ခန္ဓာနဲ့ ဝိညာဉ်ရော ထာဝရအသက်ရှင်ရမည့်မျှော်လင့်ချက် ရှိကြောင်း သေချာစေပါတယ်။ အခုခေတ်ကြီးထဲမှာတော့ ဘာမျှမျှော်လင့်စရာမရှိသလို လူ့ဘဝကြီးကလည်း ရှင်ချင်စရာမရှိကြပါဘူး။

ယနေ့ဖတ်ရတဲ့ ပထမကျမ်း ဗျာဒိတ်ကျမ်းမှာ ရေးထားတာက အဲဒီအချိန် ရှေးဦးအသင်းတော်မှာ ရောမအင်ပါယာက ယုံကြည်သူတွေကို နှိပ်စက်ညှင်းပမ်းနေကြတယ်။ ဒီလို ခံရသူတွေ မျှော်လင့်ချက် မပျောက်ဖို့ ရည်ညွှန်းရေးထားပါတယ်။ အဲဒီကျမ်းရေးသူ ရှင်ယောဟန်က သူမြင်ရတဲ့ ရူပါရုံထဲကအတိုင်း ရှေးရိုးဆံဆံရေးထားတာက ဘယ်လိုလဲဆိုတော့ နတ်ဆိုးကို နဂါးကြီး အဖြစ်နဲ့ ပုံဖော်ထားပြီးတော့ မယ်တော်မာရီယာနဲ့ အသင်းတော်ကို အမျိုးသမီးအဖြစ် ပုံဖော်ရေးသားထားပါတယ်။ အမျိုးသမီးက လူမျိုးအပေါင်းတို့ကို ထာဝရအုပ်စိုးမည့်သားယောကျ်ားကို ဖွားမြင်တော့မည့်အချိန်မှာ နဂါးကြီးက အဲဒီသားကို ဝါးမျိုဖို့ ရှေ့က စောင့်နေတယ် တဲ့။ ဒါပေမဲ့ အဲဒီအမျိုးသမီးရဲ့သားငယ်ကို ဘုရားသခင်က သူ့ရဲ့ပလ္လင်တော်သို့ ယူဆောင်သွားတော်မူတယ်၊ အမျိုးသမီးကတော့ ဘုရားသခင် ပြင်ဆင်ထားတဲ့ စိတ်ချလုံခြုံတဲ့နေရာမှာ ထွက်ပြေးလွတ်မြောက်သွားတယ် တဲ့။ ဒါနဲ့ အဲဒီနဂါးကြီးက မကျေနပ်လို့ အမျိုးသမီးကို ဒေါသထွက်ပြီး ကျမ်းစာထဲမှာ ဘယ်လိုဆက်ရေးထားသလဲဆိုတော့ "သူမထံမှ ဆင်းသက်လာသည့် ကျန်ရှိနေသောအမျိုးအနွယ်ကိုလည်းကောင်း၊ ဘုရားသခင်၏ပညတ်တော်များကို လိုက်နာသောသူတို့အားလည်းကောင်း၊ ယေဇူးကို သက်သေခံသောသူတို့အားလည်းကောင်း တိုက်ခိုက်ရန် ထွက်ခွါသွားလေ၏။" ဒါကြောင့် နတ်ဆိုးက ကျနော်တို့ကို မနာလိုမုန်းတီးစိတ်နဲ့ နှောက်ယှက်နေလို့ ယခုခေတ်ကြီးမှာ စိတ်ရှုပ်စရာတွေ၊ လောကဆံလာတာတွေ၊ ဘုရားတရားကို မေ့လျော့လာကြတွေ ဖြစ်လာကြတာပါ။ ဘုရားတရားကို သတိလည်း မရဘူး၊ စိတ်လည်း မဝင်စားဘူး၊ ဒါကြောင့် ဘုရားက သွန်သင်တဲ့ ကောင်းမြတ်ရာတွေ ခွင့်လွှတ်ခြင်း၊ ချစ်ခြင်း၊ အနစ်နာခံပေးဆပ်ခြင်းတွေကိုလည်း တန်ဖိုးမထားကြတော့ဘူး။ ကိုယ့်အတွက်ကိုပဲ အရေးပေးတော့တယ်။ ကိုယ်ကြိုက်ရင် ကိုယ်လုပ်မှာပဲ၊ ဘယ်သူ့ဆုံးမစကားမှ

နားမထောင်ဘူး၊ ကိုယ်မှန်တယ်ထင်ရင် မှန်တာပဲလို့ သဘောထားတယ်၊ ဘုရားကိုလည်း ယုံသင့်မှယုံဆိုတဲ့ စိတ်ထားနဲ့ပဲ နေတယ်။ ဒါကြောင့် ဘုရားတရားကို ယုံဖို့ နားထောင်ဖို့ကို လက်မခံကြတော့ဘူး။ ဒါကြောင့် ကိုယ့်ဘဝကို ဘယ်လိုရှေ့ဆက်ရမှန်း မရေရာကြတော့ဘူး။ မှားတာမှန်တာ မခွဲခြားတတ်တော့ဘူး။ ဒီဘဝအတွက်ပဲ ရှင်ဖို့ သိကြတော့တယ်။ နောင်ဘဝမှာ ထာဝရအသက်ရမယ်လို့လည်း မယုံကြတော့ဘူး။ ဒါကြောင့် ဒီဘဝတစ်ခုတည်းပဲရှိလို့ သေမှာကိုပဲ ကြောက်နေရတယ်၊ ဆုံးရှုံးမှာတွေ ကြောက်နေရတယ်။ သေရင် အကုန်ပြီးရောလို့ပဲ ထင်နေကြလို့ စိုးရိမ်စိတ်နဲ့ပဲ ရှင်နေကြတယ်၊ ကိုယ့်အတွက်ပဲ တစ်ကိုယ်ကောင်းဆံဆံ ရှင်နေကြတော့တယ်။

ဒါကြောင့် မယ်တော်သခင်မ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခံရတဲ့ပွဲက အခု လက်တွေ့ရှင်းပြနေပါတယ်။ သေပြီးရင် နောင်ဘဝဆိုတာရှိတယ် အဲဒီအခါ လူသားစင်စစ်ဖြစ်တဲ့ မယ်တော်လိုပဲ ကျနော်တို့လည်း ကိုယ်ခန္ဓာရော ဝိညာဉ်ပါ ကောင်းကင်ဘုံမှာ ထာဝရအသက်ရှင်ရမယ် ဆိုတာ သေချာစေပါတယ်။ ဒီလိုပန်းတိုင်ဆိုတာရှိထားလို့ အခုဘဝမှာ အသက်ရှင်ပုံနေထိုင်ကျင့်ကြံပုံက ပြောင်းလဲသွားရတာပါ။ တစ်နေ့ ကိုယ်ခန္ဓာရော ဝိညာဉ်ပါ ကောင်းကင်ဘုံမှာ ထာဝရအသက်ရှင်ရမယ်ဆိုတာ ယုံကြည်နေတဲ့လူတစ်ယောက်အနေနဲ့ သင်ဘယ်လို နေထိုင်တော့မလဲ ခါတိုင်းလို စိတ်ပျက်လက်ပျက်နဲ့ ရှင်နေပါ့မလား။ စိတ်ပျက်လက်ပျက်နဲ့ ရှင်နေတဲ့လူတွေဆိုတာက ကောင်းကင်ဘုံရှိတယ်/ ဘုရားဆိုတာရှိတယ် ဆိုတာကို မယုံကြလို့ အဲလို စိတ်ပျက်လာကြတာပါ။ မှန်ပါတယ်၊ ဘုရားက လူကို ဘယ်လောက်ချစ်သလဲဆိုတာ သူတို့ မသိကြလို့ပါပဲ။

တစ်နေ့ ကိုယ်ခန္ဓာရော ဝိညာဉ်ပါ ကောင်းကင်ဘုံမှာ ထာဝရအသက်ရှင်ရမယ်ဆိုတာကို မယုံတယုံ ဖြစ်နေတဲ့လူက ဒီလောကမှာ အသက်ရှင်ရတာလည်း မပျော်တပျော် ဖြစ်နေမှာပဲ။ တစ်နေ့ ကိုယ်ခန္ဓာရော ဝိညာဉ်ပါ ကောင်းကင်ဘုံမှာ ထာဝရအသက်ရှင်ရမယ်ဆိုတာကို အပြည့်အဝ ယုံတဲ့လူက ဒီလောကမှာ အသက်ရှင်ရတာ အပြည့်အဝ တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်ကို ဖြစ်နေမှာပါပဲ။

ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်း ကော်ရိန္ထုသြဝါဒစာ ပထမစောင်မှာ ရှင်ပေါလူး ရေးထားတာက "အကြောင်းမူကား ခရစ်တော်သည် ရန်သူအပေါင်းတို့အား မိမိ၏ခြေဖဝါးအောက်သို့ ရောက်သည့်တိုင်အောင် အုပ်စိုးရလိမ့်မည်။ နောက်ဆုံးနှိမ်နင်းရမည့်ရန်သူကား သေခြင်းပင်ဖြစ်၏" ဒါက ရှင်းပါတယ်။ "အကြောင်းမူကား သေခြင်းတရားသည် လူတစ်ယောက်အားဖြင့် ဖြစ်ပေါ်လာသကဲ့သို့ သေခြင်းမှရှင်ပြန်ထမြောက်ခြင်းတရားသည်လည်း လူတယောက်အားဖြင့် ဖြစ်ပေါ်လာလေပြီ" တဲ့။ ရှင်ပေါလူး ရှင်းပြထားသလို အာဒံဆိုတဲ့လူတစ်ယောက်ကြောင့် လူအားလုံး သေခြင်းတရားနဲ့ ရင်ဆိုင်ရသလို ခရစ်တော် အားဖြင့်လည်း လူအားလုံး သေရာမှပြန်ရှင်စေတာဟာလည်း အခု ဖြစ်လာတော့တာပေါ့။ လူတိုင်း သေရမှာ ကြောက်ကြတယ်။ ဒါကြောင့် အသက်ရှည်ရှည်နေရအောင် ကိုယ့်ကိုယ်ကို ဂရုစိုက်ကြတယ်၊ ကာကွယ်ကြတယ်။ စုဆောင်းကြတယ်။ ကိုယ့်အတွက်ပဲ ကြည့်ကြတယ်။ တစ်နေ့ ကိုယ်ခန္ဓာရော ဝိညာဉ်ပါ ကောင်းကင်ဘုံမှာ ထာဝရအသက်ရှင်ရမယ်ဆိုတာကို ယုံကြည်တဲ့လူတစ်ယောက်အနေနဲ့ ဘယ်လို ကျင့်ကြံနေထိုင်တော့မလဲ စဉ်းစားကြည့်၊ "အော် ဘုရားက ငါ့အတွက် ဒီလို စီစဉ်ထားတာပါလား။

ငါ့ကို သူနဲ့အတူ ထာဝရအသက်ရှင်ဖို့ကျေးဇူး ပေးထားတာပါလား၊ ဒါကို မဆုံးရှုံးအောင် ငါနေထိုင်မယ်” ဆိုတဲ့စိတ် အလိုလိုဖြစ်လာစေပါတယ်။ ဒါကြောင့် ယေရှုဘုရားရှင် အားပေးထားတာက “ကိုယ်ခန္ဓာကို သတ်၍ ဝိညာဉ်ကို မသတ်နိုင်သောသူကို မကြောက်ကြနဲ့” တဲ့။ ကြောက်စရာ မလိုဘူး တဲ့။ ဘာလို့လဲဆိုတော့ အခု ငါ့ရဲ့ကိုယ်ခန္ဓာကို သတ်လည်း တစ်နေ့ မယ်တော့လို ကိုယ်ခန္ဓာရော ဝိညာဉ်ရောပါ ကောင်းကင်ဘုံမှာ ထာဝရ ရှင်ရမှာရှင်ရမှာပဲလေ။ ဘာမျှကြောက်စရာမလိုတာ။ ဒါကို လူတိုင်း စဉ်းစားမိစေချင်တယ်။

ယနေ့ ကျင်းပတဲ့ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခံရခြင်းပွဲက ကျနော်တို့ကို သတိပေးနေပါတယ်။ ငါတို့ အခုအသက်ရှင်နေတဲ့ဘဝက ဒီလောကအတွက်တစ်ခုပဲ မဟုတ်ဘူး။ နောင်ထာဝရအသက်အတွက်ပါ ရှင်ရမှာဖြစ်တယ်။ ဒါကြောင့် ငါတို့က လောကမှာ ကောင်းကင်ဘုံသို့ ခရီးဆက်နေကြတဲ့ ခရီးသည်တွေဆိုတာ မမေ့သင့်ပါဘူး။

ယနေ့ကျမ်းစာမှာ ရှင်ပေါလူးရေးထားတာက “လူအသီးသီးတို့သည် မိမိတို့အလှည့်ကျ ရှင်ပြန်ထမြောက်ကြရလိမ့်မည်။ ခရစ်တော်သည် ပထမဦးစွာ ရှင်ပြန်ထမြောက်တော်မူ၏။ ထို့နောက် ခရစ်တော်၏နောက်လိုက်များက ရှင်ပြန်ထမြောက်ကြလိမ့်မယ်” တဲ့။ ခရစ်တော်ရဲ့နောက်လိုက်စစ်စစ် မယ်တော်က လူသားတွေထဲမှာ ခရစ်တော်ပြီးရင် ပထမဦးဆုံး ကိုယ်ခန္ဓာနဲ့ ဝိညာဉ်ပါ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခံရတဲ့သူ ဖြစ်ပါတယ်။ အဲလို ကမ္ဘာကုန်ချိန်တောင်မရောက်သေးဘူး မယ်တော်က ကိုယ်ခန္ဓာရော ဝိညာဉ်ပါ ကောင်းကင်ဘုံ ရောက်နေပေါ့။ ဒါဟာ ဖြစ်ထိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားပေးထားတဲ့ ကျေးဇူးတော်တွေကြောင့်ပါပဲ။ ဒါကြောင့် မယ်တော်ကို ကျမ်းစာထဲမှာ သိကြားတမန်တော်က “ဂုဏ်ကျေးဇူးအပေါင်းနဲ့ ပြည့်စုံတော်မူသောသခင်မ” လို့ အမည်တပ်ခေါ်တာပေါ့။ ကျေးဇူးအပေါင်းနဲ့ ပြည့်စုံတယ် တဲ့။ မယ်တော့်မှာ အပြစ်ရင်း မပါဘူး။ ခရစ်တော်ရဲ့နောက်တော်ကို အစအဆုံး လိုက်ခဲ့တဲ့သူပီပီ ကိုယ်တိုင် ကျူးလွန်တဲ့အပြစ်လည်း မရှိဘူး။ ဒါကြောင့် သူမရဲ့ကိုယ်ခန္ဓာက မြေကြီးထဲ ပုပ်ဆွေးစရာ အကြောင်း မရှိဘူး။ တချို့ရဟန္တာတွေရဲ့ အလောင်းတွေတောင် မပုပ်မဆွေးတာပဲ။ အခု မယ်တော်ရဲ့ကိုယ်ခန္ဓာက ဘုရားကိုယ်တော်တိုင် ကိန်းဝပ်ခဲ့တဲ့ကိုယ်ခန္ဓာလေ။

ဒါအပြင် မယ်တော်ဟာ သူရတဲ့ ဘုရားရဲ့ကျေးဇူးတော်တွေကို ကောင်းမွန်စွာအသုံးချပြီး ကိုယ်တိုင် ကျင့်ကြံတယ်၊ ဒါကြောင့်လည်း မယ်တော်က “ကျွန်ုပ်ကား ဘုရားသခင်၏အစေခံ ဖြစ်ပါ၏။ သင်၏စကားအတိုင်း ကျွန်မ၌ဖြစ်ပါစေ” သင်၏စကားကို နာခံမယ် တဲ့။ နောက်ပြီး သခင်ယေရှု တရားဒေသနာ ဟောပြောရာမှာလည်း နောက်တော်က လိုက်ပြီးကူညီတယ်။ ကားတိုင်ခြေရင်းအထိ ပါပဲ။ ကနန်မြို့ လက်ထပ်ပွဲမှာ အကူအညီပေးတတ်သလို ဧလီဇဘက်ကိုလည်း ကူညီဖို့ သွားရောက်ခဲ့တယ် ချစ်ခြင်းမေတ္တာရှိတဲ့ဘဝအသက်တာပါပဲ။

ကျနော်တို့လည်း မယ်တော်လို ကိုယ့်ကို ဘုရားကပေးထားတဲ့ကျေးဇူးတော်တွေအတိုင်း ကိုယ့်ဘက်က ပြန်လည်ကျိုးစားကျင့်ဆောက်တည်ရမယ်။ မယ်တော်လို ယုံကြည်ခြင်းနဲ့ နေထိုင်ပါ၊ ချစ်တဲ့စိတ်ကို မွေးမြူပါ။ ပေးဆပ်အနစ်နာခံတတ်ပါ။ ဘယ်တော့မှစိတ်မပျက်ပဲ မျှော်လင့်ချက်နဲ့ တက်တက်ကြွကြွ ရှင်သန်ပါ။ တစ်နေ့ကျရင် ကောင်းကင်ဘုံမှာ ကိုယ့်လူတွေနဲ့အတူ ထာဝရအသက်ရှင်ရမယ်ဆိုတဲ့မျှော်လင့်ချက်ကို အရေးတယူထားပြီး ရှင်သန်ကြပါစို့။